# "ပုံစံ (၁၅) ဟူသည်"

၁။ ပုံစံ(၁၅)ဆိုတာ " မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်း ရန်ပုံစံ "ကိုဆိုလိုပါတယ်။ ဒီပုံစံက မြန်မာပြည်တွင်းမှာ ပြုလုပ်မယ့် ဆန္ဒမဲပေးရက်မှာ သွားရောက် ဆန္ဒပြုနိုင်ခြင်း မရှိသူများအတွက် မဲပေးမှုအခွင့် အရေး မဆုံး ရှုံးစေရန် ဆောင်ရွက်ပေးသောလုပ်ငန်းစဉ် တစ်ခုဖြစ်ပါတယ်။

၂။ ဆန္ဒမဲပေးခြင်းဆိုရာမှ အခြေခံအကျဆုံးအချက်က "ဆန္ဒပြုသူရဲ့ဆန္ဒ " ဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင်မဲပေးလိုတဲ့ဆန္ဒရှိရင် ပုံစံ(၁၅) ကို ဖြည့်သွင်းပြီး သက်ဆိုင်ရာရုံး (ပြည်ပဆိုလျှင် မြန်မာ သံရုံးများ) မှာ သတ်မှတ်ရက်မှာ အပြီး တင်ပြရမှာဖြစ်ပါတယ်။

၃။ ဒီနေရာမှာ ပြည်ပရောက် မြန်မာများရဲ့ ပုံစံ(၁၅) လျှောက်ထား/ အတည်ပြုမှု / လုပ်ငန်းစဉ်တွေ ကိုရှင်းပြပါမယ်။

(က) ကာယကံရှင်က ပုံစံ(၁၅) လျှောက်ထားခြင်း (သတ်မှတ်ရက် အတွင်း၊ သတ်မှတ်ရက် ဆိုတာကလည်း ပုံစံ(၁၅) တင်ခြင်း / ဖြန့်ဝေခြင်း / စိစစ်ခြင်း/ အတည်ပြုခြင်း/အကြောင်းပြန် ကြားခြင်း လုပ်ငန်းစဉ် များအပေါ် အခြေခံတွက်ချက် သတ်မှတ်ရတာ ဖြစ်ပါတယ်။)

(ခ) လက်ခံထားသော ပုံစံ(၁၅) များကို သတ်မှတ်ရက်နောက် ပိုင်းတွင် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဌာနသို့ ပို့ဆောင်ခြင်း။

(ဂ) သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက် ပွဲကော် မရှင်က လျှောက်ထားသူ ဖော်ပြထား သည့် မြန်မာနိုင်ငံတွင်း နေထိုင်ရာ လိပ်စာနှင့် သက်ဆိုင်သော ရွေးကောက်ပွဲကော်မရှင် ရုံးများသို့ ဆက်လက်ပေးပို့ခြင်း။

(ဃ) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က စိစစ်ခြင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပြန်လည်ပေး ပို့ခြင်း။

(င) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပြီးသည့် ပုံစံ(၁၅)နှင့် အတည် ပြုမဲဆန္ဒရှင် စာရင်းကို ပြုစုခြင်း၊ ပုံစံ(၁၅)တွင် လျှောက်ထားသူ ဖော်ပြထားသည့် ပြည်ပ နေထိုင်လိပ်စာ အပေါ် မူတည်၍ နိုင်ငံများ ခွဲခြားခြင်း။ (လျှောက်ထားသူက ပြည်ပနေထိုင်သည့် နိုင်ငံကိုဖော်ပြမှုမရှိလျှင် ၄င်းပုံစံ (၁၅)ကို ဘယ်နိုင်ငံပြန်ပို့ရမည်မှန်း မသိတော့ဘဲ အခက်အခဲဖြစ်ခြင်း)။

(စ) ခွဲခြားပြီးသည့်ဆန္ဒမဲလက်မှတ်နှင့်စာရင်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခြင်း။

(ဆ) နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာသံရုံးများသို့ ပြန်လည်ပေးပို့ခြင်း။

(ဇ) သံရုံးများက အမည်စာရင်းများရွေးထုတ်ခြင်း၊ မဲလက်မှတ်များစိစစ်ခြင်းနှင့် အမည်စာရင်းများ ထုတ်ပြန်ကြေညာခြင်း။

၄။ ဒါကြောင့် ပုံစံ(၁၅)လျှောက်ထားမှုအတည်ပြုချက်ရရှိဖို့ဆိုလျှင်-

(က) ကာယကံရှင်ကိုယ်တိုင် ဆန္ဒပြုလျှောက်ထားရန်လိုအပ်ခြင်း။

(ခ) ပုံစံ(၁၅) ဖြည့်သွင်းခြင်းနှင့် အဓိကကျသော အချက်များဖြစ်တဲ့ ပြည်တွင်း နေရပ်လိပ်စာ မှန်ကန်ရေး၊ ပြည်ပတွင်နေထိုင်သောနိုင်ငံ မှန်ကန်စွာဖြည့်စွက်ရေး၊ ဖတ်ရှုနိုင်သော ဘာသာ စကားဖြင့် ရေးသားရေး၊ သတ်မှတ်ရက်များ အတိုင်း ပုံစံများ အချိန်မီ ပေးပို့ရေးတို့ကို အလေးထားလိုက်နာဖို့လိုပါတယ်။

၅။ မဲဆန္ဒရှင်အချို့သိနေတဲ့ အသိက ပုံစံ(၁၅)တင်ပြီးတာနဲ့ မဲပေးလို့ရတယ်၊ တင်ပြီးတာနဲ့ မဲဆန္ဒရှင် စာရင်းပါတယ်လို့ ယူဆနေကြပါတယ်။ အထက်ကဖော်ပြထားတဲ့ အချက်တွေကို ဆောင်ရွက် မှန်ကန်မှ ပုံစံ(၁၅)တင်ပြီး ဆန္ဒမဲပေးသူ စာရင်းတွင် ပါမှာဖြစ်ပါတယ်။

၆။ နောက်ဆုံးအနေနဲ့ ရှင်းပြချင်တာက ပုံစံ(၁၅)ကို ယခုရက်ပိုင်းမှာ လက်ခံဖို့ တိုက်တွန်းချက်များ ကို အထက်က ရှင်းပြထားတဲ့ လုပ်ငန်းစဉ်တွေအရ ဘယ်လိုလက်ခံရမှာလဲဆိုတာ နားလည်ဖို့လိုကြောင်း ရှင်းပြလိုက်ရပါတယ်။